# (၃၃) ကြိမ်မြောက် သာမန်တနင်္ဂနွေ။

**ပထမကျမ်း။**

**“ဖြောင့်မတ်ခြင်း၏ နေမင်းသည် သင်တို့အဖို့ပေါ်ထွန်းလိမ့်မည်။”**

***ပရောဖက်မာလခိယအနာဂတ္တိကျမ်း-၄၊ ၁ မှ ၂။***

မီးဖိုကဲ့သို့တောက်လောင်သော နေ့ရက်တို့သည် ရောက်လိမ့်မည်။ မာနထောင်လွှားသော သူအပေါင်းတို့ နှင့်မကောင်းမှုဒုစရိုက်ကို လိုက်ကျင့်သောသူတို့သည် ကောက်ရိုးပြတ်များကဲ့သို့ ဖြစ်ကြလိမ့်မည်။ ထိုနေ့ရက်ရောက် သောအခါ သူတို့ကိုအကိုင်းနှင့် အမြစ်ပါမကျန်လောင်ကျွမ်း လိမ့်မည်ဟု ဗိုလ်ခြေတို့၏အရှင်သည် မိန့်တော်မူ၏။ ငါ၏နာမတော်ကိုကြောက်ရွံ့ရိုသေသော သင်တို့အားမူကား ဖြောင့်မတ်ခြင်း၏နေမင်းသည်ပေါ်ထွန်း၍ ငြိမ်းချမ်းသာယာခြင်းကိုပေးလိမ့်မည်။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်းကျေးခြင်း။**

**ဆာလံ -၉၇။**

သံပြိုင်။ ။ သခင်ဘုရားသည် လူတို့ကိုတရားမျှတစွာစီရင်တော်မူရန် ကြွလာတော်မူ၏။

☐ ဘုရားသခင်အားစောင်းတီး၍သီချင်းဆိုကြလော့။စောင်းတီး၍ သာယာနာပျော်ဖွယ်သော အသံနှင့် သီဆိုကြလော့။ ဘုရင်မင်းမြတ်ဖြစ်တော်မူသောထာဝရဘုရားရှေ့တော်၌ တံပိုးခရာမှုတ်၍ ဝမ်းမြောက်ရွှင်လန်းကြ လော့။ (သံပြိုင်)

☐ ပင်လယ်နှင့်ပင်လယ်၌ရှိသမျှအရာအားလုံးတို့သည်လည်းကောင်း၊လောကနှင့်လောက၌ နေထိုင်ကြသောသူအပေါင်းတို့သည်လည်းကောင်း ကြွေးကြော်ကြပါစေ။ မြစ်တို့သည်လက်ခုပ်တီးကြစေ။ တောင်ရှိသမျှတို့သည် လည်း ရွှင်လန်းဝမ်းမြောက်ကြပါစေ။ အကြောင်းမူကား သခင်ဘုရားသည် လောကကို တရားစီရင်တော်မူရန် ကြွလာတော်မူ၏။ (သံပြိုင်)

☐ ကိုယ်တော်သည်ကမ္ဘာတစ်ဝှမ်းလုံးကိုဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း၊လူတို့ကို တရားမျှတခြင်း နှင့်လည်းကောင်း၊ တရားစီရင်တော်မူလိမ့်မည်။ (သံပြိုင်)

**ဒုတိယကျမ်း။**

**“တစ်စုံတစ်ယောက်သည် အလုပ်မလုပ်လိုလျှင် အစာလည်း မစားစေနှင့်။”**

***မွန်မြတ်သောတပည့်တော်ကြီး သံပေါလူး၊ သက်ဆာလိုနီမြို့သားတို့ထံရေးသောစာ။ ဒုတိယစောင်။ (၃၊ ၇ မှ ၁၃ ထိ)***

ညီအစ်ကိုတို့-

သင်တို့သည် ကျွန်ုပ်တို့ကို အဘယ့်ကဲ့သို့အတုယူရမည်ဖြစ်ကြောင်း သင်တို့ကိုယ်တိုင်အသိပင်ဖြစ်ကြသည်။ ကျွန်ုပ်သည်သင်တို့နှင့် အတူရှိကြစဉ်ပျင်းရိစွာ နေခဲ့ကြသည်မဟုတ်၊ ကျွန်ုပ်တို့သည်မည်သူတစ်ဦးတစ်ယောက်ထံမှ အစာကိုအခမဲ့မစားခဲ့ကြပါ။

မည်သူတစ်ဦးတစ်ယောက်အားမျှတာဝန်မဖြစ်စေရန် နေ့ညမပြတ်ပင်ပန်းစွာ အလုပ်လုပ်ကိုင်ခဲ့ကြသည်။ ဤသို့လုပ်ကိုင်ရခြင်းမှာ သင်တို့အား တာဝန်တင်ပိုင်ခွင့်မရှိသောကြောင့်ပင်မဟုတ်။ သင်တို့အတုယူလိုက်နာနိုင်ရန် သင်တို့အားပုံသက်သေပေးခြင်းငှာသာဖြစ်၏။ အကြောင်းမူကား ကျွန်ုပ်တို့သည် သင်တို့နှင့်အတူရှိခဲ့စဉ်၊ "တစ်စုံတစ်ယောက်သည် အလုပ်မလုပ်လိုလျှင် အစာလည်းမစားစေနှင့်" ဟု ဤပညတ်ကိုပေးခဲ့ ကြသည်။ သင်တို့တွင်အချို့တို့သည် မည်သည့်အလုပ်ကိုမျှမလုပ်ပဲ၊ ကိုယ်နှင့်မဆိုင်ရာကိုသာဝင်ရောက်စွက်ဖက်၍ ပျင်းရိစွာနေကြောင်း၊ ကျွန်ုပ်တို့ကြားသိရသည်။ ဤကဲ့သို့ကျင့်သောသူတို့သည် ငြိမ်ဝပ်စွာအလုပ်လုပ်ကိုင်၍ စားသောက်ကြစေခြင်းငှာ ယေရှုခရစ္စတူးသခင်၏ နာမတော်၌ပညတ်ပေး၍တိုက်တွန်းနှိုးဆော်လိုက်သည်။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**အာလေလူယား၊ (သံလူကား - ၂၁၊ ၂၈)**

အာလေလူယား၊ သင်တို့သည် မျှော်ကြည့်၍ သင်တို့ဦးခေါင်းကိုကြွကြလော့။
အကြောင်းမူကားသင်တို့၏ကယ် တင်ခြင်းသည်နီးပြီ။ အာလေလူယား။

**ဧဝံဂေလိကျမ်း။**

**"စိတ်ရှည်ခြင်းအားဖြင့် သင်တို့၏ အသက်ဝိညာဉ်ကိုအပိုင်ရကြလတ္တံ့။"**

***သံလူကား ရေးထားသော သန့်ရှင်းသောဧဝံဂေလိကျမ်း။ (၂၁၊ ၅ မှ ၁၉ ထိ)***

ထိုကာလ၌ အချို့သောသူတို့က ဗိမာန်တော်သည်ကောင်းသော ကျောက်ဖျာများနှင့်လည်းကောင်း၊ ပူဇော် သက္ကာယများနှင့်ဆင်ယင်လျက်ရှိကြောင်း လျှောက်ကြလေသော်၊ သူတို့အားမိန့်တော်မူသည်ကား၊ သင်တို့ယခု မြင်ကြသောဤအရာများတို့သည် ကျောက်တစ်ခုအပေါ်မှာ ကျောက်တစ်ခုမကျန်ရစ်ရအောင် ပြိုပျက်သောနေ့ ရက်တို့သည်ရောက်လိမ့်မည်။ သူတို့ကလည်းကိုယ်တော်ကိုမေးမြန်းကြလျက် ဆရာတော်ဘုရား ထိုအရာများတို့ သည်ဖြစ်သောအခါမှစ၍ အဘယ်နိမိတ်လက္ခဏာရှိမည်နည်းဟုလျှောက်ကြလျှင်၊ ကိုယ်တော်ကမိန့်တော်မူသည် ကား သင်တို့သည်လှည့်ဖျားသွေးဆောင်ခြင်းမခံရမည့်အကြောင်း သတိပြုကြလော့။ အကြောင်းမူကား အများသော သူတို့သည်ငါ၏နာမ၌လာကြ၍ ငါဖြစ်၏။ အချိန်လည်းနီးပြီဟုဆိုလိမ့်မည်။ ထိုသူတို့နောက်သို့မလိုက်ကြနှင့်။ သင်တို့သည်စစ်ဖြစ်ခြင်းနှင့် ပုန်ကန်ခြင်းများကိုကြားရသောအခါ၊ ထိန့်လန့်ခြင်းမရှိကြနှင့်။ ထိုအရာများသည်အရင် ဖြစ်ရမည်။ သို့ရာတွင်အဆုံးသည်ချက်ချင်းမဟုတ်သေး။ ထို့နောက် သူတို့အားမိန့်တော်မူသည်ကား လူမျိုးတစ်မျိုး နှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ရန်ဘက်ဖြစ်ကြလိမ့်မည်။ အရပ်ရပ်၌ကြီးစွာသောမြေလှုပ်ခြင်း၊ ကာလနာဖြစ် ခြင်း၊ အစာခေါင်းပါးခြင်း၊ ကောင်းကင်၌လည်း ကြောက်မက်ဖွယ်ရာများနှင့် ကြီးသောနမိတ်လက္ခဏာများဖြစ် လိမ့်မည်။ သို့ရာတွင် ဤအရာများမဖြစ်မီ ငါ၏နာမတော်ကြောင့် သင်တို့ကိုဖမ်းဆီးညှဉ်းဆဲ၍ တရားဇရပ်များ၌ လည်းကောင်း၊ ထောင်ထဲ၌လည်းကောင်း အပ်နှံလိမ့်မည်။ ရှင်ဘုရင်နှင့်မြို့ဝန်ရှေ့သို့ ဆွဲခေါ်ကြလိမ့်မည်။ ထိုသို့ သင်တို့သည်သက်သေခံခြင်းအဖို့ငှာဖြစ်ရကြလိမ့်မည်။ သို့လျှင်သင်တို့သည် အဘယ်သို့ပြန်ပြောရမည်ကို အရင်မတွေးရမည့်အကြောင်း သင်တို့စိတ်နှလုံးထဲ၌ မှတ်ထားကြလော့။ အကြောင်းမူကား

သင်တို့၏ရန်သူအပေါင်း တို့သည်သင်တို့ကိုမခုမခံ၊ မငြင်းမပယ်နိုင်သောနှုတ်နှင့် ဉာဏ်အစွမ်းကို သင်တို့အားငါပေးမည်။ သင်တို့မိဘညီ အစ်ကိုပေါက်ဖော် အဆွေခင်ပွန်းတို့သည် သင်တို့ကို အပ်နှံကြလိမ့်မည်။ သင်တို့တွင်အချို့တို့ကိုသတ်ကြလိမ့်မည်။ ငါ၏နာမကြောင့်လည်း သူခပ်သိမ်းတို့သည် သင်တို့ကိုမုန်းကြလိမ့်မည်။ သို့ပင်သော်လည်း သင်တို့၏ဦးခေါင်း၌ ဆံပင်တစ်မျှင်မျှ ပျောက်ပျက်ခြင်းသို့ မရောက်ရာ။ စိတ်ရှည်ခြင်းအားဖြင့် သင်တို့၏ အသက်ဝိညာဉ်ကို အပိုင်ရကြ လတ္တံ့။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*